Washington State Parks

EMBRACE YOUR NATURE

# ပြည်နယ်ပိုင် ပန်းခြံများတွင် တာဝန်ယူမှုရှိစွာဖြင့် အပန်းဖြေပါ

*ပြင်ပနေရာများတွင် အပန်းဖြေရာ၌ တာဝန်သိစိတ်ဖြင့် လုပ်ဆောင်ရန် ညွှန်ကြားချက်များ*

## မသွားခင်တွင်

- ဖွင့်လှစ်ထားသည့်အရာများကို စစ်ဆေးပါ။ အစိုးရမှ စီမံကွပ်ကဲပေးထားသည့် နယ်မြေများတွင် နေ့ချင်းပြန် အနေဖြင့် သွားရောက်နိုင်သော်လည်း တခြားသောဒေသဆိုင်ရာ၊မျိုးနွယ်စုဆိုင်ရာ နှင့် ဖယ်ဒရယ်ဆိုင်ရာ ပိုင်မြေများသည် ပိတ်ထားလျက်ရှိပါသည်။ www.parks.state.wa.us/parksopening သို့ အွန်လိုင်းမှတဆင့် ဝင်ရောက်လည်ပတ်ပါ
- မိမိအိမ်နှင့် နီးသည့် နေ့ချင်းပြန်ခရီးစဉ်များကိုသာ ရွေးချယ်ပါ။ ညအိပ်ညနေခြင်းများကို လက်မခံပါ။
- မိမိအိမ်သူအိမ်သားများဖြင့်သာ နေထိုင်ပါ။ မိမိအိမ်သူအိမ်သားမဟုတ်သူများ နှင့် အတူ ပြင်ပတွင်အပန်းဖြေခြင်းက ဗိုင်းရပ်စ်ကို ပျံ့နှံ့ကူးစက်စေသည်။
- ကြိုတင်ပြင်ဆင်လာပါ။ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာများတစ်ဝိုက်နှင့် ရေရှိသည့် နေရာများတွင် အဆောက်အဦးများကို ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်နေသောကြောင့် ဧည့်သည့်များ အနေဖြင့် သန့်စင်ခန်းဝန်ဆောင်မှုများ လျော့နည်းသွားခြင်း သို့မဟုတ် အကန့်အသတ်ဖြစ်ခြင်းများကို သတိပြုမိပါလိမ့်မည်။ မိမိ၏ ကိုယ်ပိုင်ဆပ်ပြာ၊ ရေ၊ လက်သန့်ဆေးရည် နှင့် အိမ်သာသုံးစက္ကူ၊ နှာခေါင်း နှင့် ပါးစပ်ကိုအုပ်၍ နှာခေါင်းစည်း နှင့် ပိတ်စမျက်နှာဖုံးများကို ယူလာပါ။
- ကျန်းမာရေးကောင်းပါက ပြင်ပတွင် အပန်းဖြေနိုင်ပါသည်။  သင့်တွင် အဖျားလက္ခဏာများ၊ ချောင်းဆိုးခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်းများ ဖြစ်နေပါက အပြင်သို့ မထွက်ပါနှင့်။

## ရောက်လာသည့် အခါတွင်

- လူအုပ်များကို ရှောင်ကြဉ်ပါ။ သင်သွားမည့် နေရာတွင် လူများနေပါက တခြားနေရာသို့ သွားရန်ပြင်ဆင်ပါ သို့မဟုတ် နောက်မှ ပြန်လာပါ။
- ခပ်ခွာခွာနေခြင်းကို ကျင့်သုံးပါ။ မိမိအိမ်သူအိမ်သား မဟုတ်သူများ နှင့် 6 ပေအကွာတွင် နေပါ။ လုံခြုံစွာဖြင့် လှေထွက်ခွာနိုင်ရန်အတွက် တစ်ကြိမ်တွင် တစ်စီးသာထွက်ခွာပါ။ မိမိ၏ မော်တော်ယဉ် နှင့် အခြားတစ်စီး၏ အလည်တွင် ကားရပ်ရန် တစ်စီးစာနေရာလွတ်ထားပါ။ သင်၏ လှေကို ဆွဲရာတွင်လည်း အလားတူလုပ်ဆောင်ပါ။
- သင့်လက်ကိုမကြာခဏဆေးပါ။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ထိန်းသိမ်းပြီး ကိုယ်ပိုင်ရေဆပ်ပြာ နှင့် လက်သန့်ဆေးရည်ကို သင် နှင့် အတူယူဆောင်လာပါ။
- သင်ယူဆောင်လာရာများကို သင်နှင့် တစ်ပါတည်း ပြန်လည်ထုပ်ပိုးသွားပါ။ အမှိုက်သရိုက်များ၊ တစ်ခါသုံးလက်အိတ် နှင့် နှာခေါင်းစည်းများကို သင်နှင့် အတူပြန်ယူသွားပါ။
- ကျွန်ုပ်တို့၏ ranger အဖွဲ့များ၊ park aides များ နှင့် နယ်မြေခံဝန်ထမ်းများအပေါ်တွင် ကြင်နာမှု ရှိရှိဖြင့် လေးစားစွာဆက်ဆံပါ။

ဝါရှင်တန်ပြည်နယ် ၏ COVID-19 အပေါ် တုံ့ပြန်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ထပ်ဆင့်အလက်များကို သိရှိလိုပါက၊ www.coronavirus.wa.gov သို့ ဝင်ရောက်လည်ပတ်နိုင်ပါသည်။

Washington State Parks ၏ COVID-19 နှင့် စပ်လျဉ်းသည့် ထပ်ဆင့်အချက်အလက်များကို သိရှိလိုပါက၊ www.parks.state.wa.us/COVID19 သို့ ဝင်ရောက်လည်ပတ်နိုင်ပါသည်။